International Labour Organization

▶ Myanmar e-campus

# အသုံးပြုနည်းလမ်းညွှန် အိုင်အယ်လ်အို မြန်မာ အွန်လိုင်းကျောင်း

လမ်းညွှန်စာအုပ်တွင် အိုင်အယ်လ်အို မြန်မာအွန်လိုင်းကျောင်း (e-campus) ကိုမည်ကဲ့သို့ အသုံးပြုနိုင်သည်ကို ဖော်ပြထားပါသည်။ E-campus သည် အလုပ်ရှင်-အလုပ်သမား ဆက်ဆံရေးနှင့် အလုပ်အကိုင်ဝန်းကျင်ဆိုင်ရာ ပညာရပ်ကို ပံပိုးတိုးမြှင်နိုင်ရန် ရည်ရွယ်သည်။ သင်တန်းများအားလုံးကို မြန်မာဘာသာစကားဖြင့် အခမဲ့ လေ့လာသင်ယူနိုင်ပါသည်။

## မာတိကာ

၁။ E-campus မိတ်ဆက်.......................................... 3
၂။ ကိုယ်ပိုင်အကောင့် အသစ်တစ်ခု ဖွင့်ခြင်း .................. 4
၃။ ဖွင့်ပြီးသားအကောင့်ဖြင့် ပြန်လည်ဝင်ရောက်ခြင်း .......... 8
၄။ သင်တန်းတက်ရောက်ရန် စာရင်းသွင်းခြင်း ................ 9


# ပထမဦးစွာ e-campus ကိုဝင်ကြည့်ရအောင်!
# သွားရောက်ရန် အောက်ပါ လင့် ကိုနှိပ်ပါ။

[https://ecampus.iloyangon.org/](https://ecampus.iloyangon.org/)



အချောမွေ့ဆုံး အတွေ့အကြုံရရှိစေရန် ကွန်ပျူတာ သို့မဟုတ် လပ်တော့ ကို အသုံးပြုပါ။

# ၁။ E-campus မိတ်ဆက်




## အွန်လိုင်းကျောင်း၏ ပင်မစာမျက်နှာပါ အချက်အလက်များကို စူးစမ်းရအောင်!


- ပင်မစာမျက်နှာ → တက်ရောက်နိုင်သော သင်တန်းများ
- အကြောင်း → အွန်လိုင်းကျောင်းဆိုင်ရာ အချက်အလက်များကို ဤတွင် သိရှိနိုင်သည်။ သင်တန်းများဆိုင်ရာ၊ မေးလေ့ရှိသော မေးခွန်းများ၊ အစရှိသည်
- ဆက်သွယ်ရန် → အွန်လိုင်းကျောင်း တာဝန်ရှိသူများကို ဆက်သွယ်မေးမြန်းရန်
- လော့ဂ်အင် → အကောင့်အသစ်ဖွင့်ခြင်းနှင့် အကောင့်အဟောင်းသို့ ပြန်လည်ဝင်ရောက်ရန်
- English (en) ဗမာစာ (my) → အွန်လိုင်းကျောင်းသည် အင်္ဂလိပ် နှင့် ဗမာ ဘာသာစကားနှစ်မျိုးဖြင့် အသုံးပြုနိုင်သည်။

# ၂။ ကိုယ်ပိုင်အကောင့် အသစ်တစ်ခု ဖွင့်ခြင်း


*အရေးကြီးသည့်အချက်:*

- **အကောင့်သစ်တစ်ခုဖွင့်ရန် ပထမဦးစွာ အီးမေးလ်အကောင့်တစ်ခုရှိရပါမည်။ အီးမေးလ်လိပ်စာကို အသုံးပြုပြီးမှသာ အွန်လိုင်းကျောင်း အကောင့်ဖွင့်လို့ရပါမည်။**

**အဆင့်** (၁) "လော့ဂ်အင်" ကို နှိပ်ပါက အောက်ပါအတိုင်းတွေ့ရပါမည်။ "အကောင့်အသစ် ပြုလုပ်မည်" ကို နှိပ်ပါ။





**အဆင့်** (၂) သက်ဆိုင်ရာအချက်အလက်များကို ရိုက်ထည့်ပါ။



*မှတ်ချက်-*

- သင်၏ "အကောင့်အမည်" ကို သက်မှတ်ရမည်ဖြစ်သည်။ ကိုယ်ပိုင်နှစ်သက်ရာနာမည်ဖြစ်စေရန် သေချာစိစစ်ရွေးချယ်ပါ။


- သင်၏ "စကားဝှက်" သည် အွန်လိုင်းကျောင်းသို့ ဝင်ရောက်တိုင်း သင့်အကောင့်အမည်နှင့် အတူ တွဲဖြည့်ရမည် ဖြစ်သည်။ စကားဝှက်ကို အင်္ဂလိပ်စကားဖြင့် သတ်မှတ်စေလိုပါသည်။ စကားဝှက်တွင အနည်းဆုံး စာလုံးသေး (၁) လုံး၊ စာလုံးကြီး (၁) လုံး၊ ဂဏန်း (၁) လုံး၊ ထူးခြားစာလုံး [* - # အစရှိသည်] (၁) လုံး အနည်းဆုံး ပါရှိရမည်။





- အကောင့်အမည် နှင့် စကားဝှက်ကို မှတ်ထားပါ။ နောင်တစ်ခါတွင် ပြန်သုံးရမည်ဖြစ်သောကြောင့် မမေ့အောင် ချရေးရင်ရေးထားပါ။

*ထို့အတူ-*


- "I am not a robot" ကိုနှိပ်ရန်မမေ့ပါနှင့်။




အဆင့် (၁) နှင့် အဆင့် (၂) ကို သေချာစွာ လုပ်ဆောင်ပြီးပါက အောက်ပါအတိုင်း တွေ့မြင်ရပါမည်။ အောက်က အဆင့်များအတိုင်းဆက်လက်လုပ်ဆောင်ပါ!





**အဆင့် (၃)** သင်၏ အီးမေးလ်တွင် အောက်ပါအတိုင်း စာလက်ခံရရှိမည် ဖြစ်ပါသည်။ ထိုစာပါ အပြာရောင်လင့် ကိုနှိပ်ပါ။



အောက်ပါအတိုင်း တွေ့ရှိပါက သင်၏အကောင့်ဖွင့်ခြင်း ပြီးမြောက်ပါပြီ!





E-campus ၏ညာဖက်ထောင့် အနီရောင်ဝိုင်းထားသော နေရာတွင် သင်၏ အကောင့်အမည်ကို တွေ့လျှင် သင်၏ အွန်လိုင်းကျောင်းအတွင်းသို့ ဝင်ရောက်ပြီး ဖြစ်သည် ဟု မှတ်ယူပါ။




# ၃။ ဖွင့်ပြီးသားအကောင့်ဖြင့် ပြန်လည်ဝင်ရောက်ခြင်း

**အဆင့် (၁)** မူလစာမျက်နှာရှိ "လော့ဂ်အင်" ကို နှိပ်လိုပါက အောက်ပါအတိုင်း တွေ့ရှိရမည် ဖြစ်ပါသည်။ အကောင့်ရှိပြီး သူတစ်ယောက်ဖြစ်လျှင် အကောင့်အမည် နှင့် စကားဝှက်ကို ရိုက်ထည့်ပါ။ အကောင့်မရှိသေးပါက မည်ကဲ့သို့ အကောင့်အသစ်ဖွင့်ရမည်ကို အခန်း-၂ တွင်ကြည့်ပါ။





E-campus ၏ညာဖက်ထောင့် အနီရောင်ဝိုင်းထားသော နေရာတွင် သင်၏ အကောင့်အမည်ကို တွေ့လျှင် သင်၏ အွန်လိုင်းကျောင်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်လိုက်ပါပြီ။ အွန်လိုင်းကျောင်းမှ ပြန်လည်ကြိုဆိုပါတယ်။




# ၄။ သင်တန်းတက်ရောက်ရန် စာရင်းသွင်းခြင်း

**အဆင့် (၁)** သင်၏အကောင့်ထဲသို့ ဦးစွာ ဝင်ရောက်ပါ၊ ဤ လက်စွဲစာအုပ်၏ အခန်း-၁ တွင် အကောင့်မည်သို့ ဖွင့်ရမည်၊ အခန်း-၃ တွင် မည်ကဲ့သို့ အကောင့်ထဲသို့ ဝင်ရောက်ရမည် ကိုဖော်ပြထားသည်ဖြစ်ပြီး ယင်းတို့အတိုင်း လုပ်ဆောင်ပါ။

**အဆင့် (၂)** သင်တက်ရောက်လိုသော သင်တန်းကို နှိပ်ပါ။ ဥပမာ- “အပြန်အလှန်ဆွေးနွေးပြောဆိုခြင်း မိတ်ဆက်” သင်တန်းကို နှိပ်လိုက်သောအခါ အောက်ပါအတိုင်း တွေ့ရှိရပါမည်။




**အဆင့် (၃)** “စာရင်းပေးသွင်းမည်” ဆိုသည်ကို နှိပ်ပါ။ အောက်ပါအတိုင်းမြင်ရပါက သင်သည် သင်တန်းကို စာရင်းသွင်းပြီး ဖြစ်ပါမည်။



**This user manual is developed with the funding provided by the ILO/ Japan Fund for Building Social Safety Nets in Asia and the Pacific (Japan SSN Fund)**

**ILO Liaison Office in Myanmar**

No 1(A), Kanbae (Thitsar) Road
Yankin Township, Yangon, Myanmar
Phone +95 1 7336538, 7336539